

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ (တတိယအစည်းအဝေး)
## ညီလာခံမစည်းအဝေး ဆဋ္ဌမနေ့

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်
မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန- ၂၊ နေပြည်တော်။

ဦးဆောင် သဘာပတိပဒိုစောကွယ်ထူးဝင်း ၏ အဖွင့်မိန့်ခွန်း

လေးစားရပါသော သဘာပတိအဖွဲ့ဝင်များ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ကြွရောက်လာကြတဲ့ ခေါင်းဆောင်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့မြောက်၊ နောက်ဆုံးရက်မှာ သဘာပတိအဖွဲ့ဝင်တဦးအနေဖြင့် ဆောင်ရွက်ခွင့်ရပြီး ညီလာခံအောင်မြင်ခြင်း၊ အထိမ်းအမှတ် နိဂုံးချုပ်ပွဲမှာ အမှာစကားပြောကြားခွင့်ရတဲ့အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

တစ်ချိန်က မိမိတို့ရဲ့ အမျိုးသားရဲ့ နိုင်ငံရေးလိုလားချက်၊ ရပ်တည်ချက်တွေကို ရရှိဖို့အတွက် လက်နက်ကိုင်နည်း၊ တော်လှန်ရေးနည်းလမ်းနဲ့ အသက်ပေါင်းများစွာရင်းပြီး ရှန်းကန်တိုက်ပွဲဝင်ရာကနေပြီး အခုလို အတူတကွ ပဋိပက္ခဖြစ်ပွားဖက်များအကြား မျက်နှာချင်းဆိုင်ပြီး တန်းတူရည်တူ ဆွေးနွေးငြင်းခုံအဖြေရှာနိုင်တဲ့ အဆင့်တဆင့်ကို ရောက်ရှိလာနိုင်အောင် အမြော်အမြင်ရှိရှိ ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်၏ ခေါင်းဆောင်များအားလုံးကို တိုင်းရင်းသားပြည်သူများရဲ့ကိုယ်စား အထူးကျေးဇူးတင်ရပါကြောင်း ပြောကြားလိုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို (၆) ရက်တာအတွင်း ညီလာခံကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံတက်ရောက်တဲ့ အစုအဖွဲ့အသီးသီးက ခေါင်းဆောင်ကိုယ်စားလှယ်များတို့က တက်တက်ကြွကြွ ဆွေးနွေးငြင်းခုံအဖြေရှာပြီး သဘောတူညီချက်များကို ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့တဲ့အတွက် ပါဝင်ဆွေးနွေးတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်၊ ကိုယ်စားလှယ်များအားလုံးကိုလည်း ကျေးဇူးအထူးတင်ရပါတယ်။

ယခုကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးက နိုင်ငံရေးသဘောတူညီချက်ရရှိမှုမှာ အချက်အားဖြင့် မများသော်လည်း အနှစ်သာရအားဖြင့် အနာဂတ်ဒီမိုကရေစီနဲ့ ဖယ်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်ဟာ ရှင်သန်ပြီး ပိုမိုကောင်းမွန်တဲ့ ရလဒ်များကို ဆက်လက်ပြီး ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးမှာ ကဏ္ဍအလိုက် ဆွေးနွေးမှုက ရရှိတဲ့ သဘောတူဆုံးဖြတ်ချက်များကို ညီလာခံက အတည်ပြုပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ချုပ်ဆိုနိုင်မှာဖြစ်တဲ့အတွက်ကြောင့်လည်း (NCA) အကောင်အထည်ဖော်မှုလုပ်ငန်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်မှုရဲ့လုပ်ငန်းအဆင့်တဆင့် တိုးတက်အောင်မြင်မှု ဖြစ်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးဟာ တိုင်းပြု၊ ပြည်ပြု၊ တိုင်းကျိုးပြည်ကျိုး ဆောင်တဲ့လုပ်ငန်းကို ထမ်းရွက်တဲ့ ညီလာခံဖြစ်ပါတယ်။ တနည်းအားဖြင့် ကျွန်တော်တို့ပြည်ထောင်စုရဲ့ ဂုဏ်ရောင်ပြောင်တဲ့ အနာဂါတ်သမိုင်းကို ညီညီညွတ်ညွတ်ရေးသားတဲ့ ညီလာခံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှု၊ ဆုံးဖြတ်မှုတွေ၊ ရေးသားမှုတွေဟာ အနာဂါတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်တဲ့ အမွေအနှစ်၊ ကောင်းမွန်တဲ့ အနာဂါတ်ကို ထားခဲ့ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရေးသားဆောင်ရွက်မှုဟာ နောင်လာမယ့် မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမွန်တဲ့ အနာဂါတ် အမွေကို ပေးစွမ်းမှုမရှိရင် ကျွန်တော်တို့ဟာ သမိုင်းရဲ့တရားခံများတောင် ဖြစ်သွားနိုင်တယ်။

အနာဂါတ်ပြည်ထောင်စုရဲ့ တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဟာ ယနေ့အနာဂါတ် ပြည်ထောင်စုရဲ့ ကံကြမ္မာကို ဖန်တီးတဲ့ ကျွန်တော်တို့ရဲ့ လက်ထဲမှာ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အမြော်အမြင်ကြီးမှု ပြည်ထောင်စုအပေါ်မှာ စိတ်ရင်းစေတနာရှိမှုနဲ့ သမာသမတ်ကျမှုအပေါ်မှာ မူတည်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြောဆိုဆွေးနွေးမှု၊ ငြင်းခုံ အဖြေရှာမှုတွေဟာ ကျွန်တော်တို့ပြည်ထောင်စုရဲ့အကျိုး၊ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတရပ်လုံးရဲ့ အကျိုးအတွက် ဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ဒီညီလာခံကနေပြီး ကျွန်တော်တို့သင်ခန်းစာတွေ အများကြီးရရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီသင်ခန်းစာတွေကတဆင့် အနာဂါတ်နိုင်ငံရေး၊ ဆွေးနွေးပွဲတွေကို ပိုမိုကောင်းမွန်အောင် လုပ်နိုင်မည့် အစီအစဉ်များကို ချမှတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ လာမည့် ၂၀၁၈ခုနှစ် မကုန်မီ ကျင်းပမည့် စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို များစွာ အထောက်အထူပြုနိုင်မယ်လို့ ခံယူပါတယ်။

လေးစားရပါသော သဘာပတိအဖွဲ့ဝင်များ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ ခေါင်းဆောင်ကိုယ်စားလှယ်များ အားလုံးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ဖြစ်ပေါ်မှု၊ သမိုင်းဖြစ်စဉ်၊ ဖြစ်တည်မှုတွေကို သုံးသပ်တဲ့နေရာမှာ မတူညီတဲ့ ရပ်တည်မှု၊ ချဉ်းကပ်မှု၊ ရှုထောင့်ကနေပြီး သုံးသပ်တဲ့အတွက် မတူညီတဲ့အမြင်၊ ကွာခြားတဲ့ ကောက်ချက်ချမှုတွေရှိပါတယ်။ ဒီမတူညီတဲ့ အမြင်၊ သုံးသပ်မှု၊ ကောက်ချက်ချအဖြေထုတ်မှုတွေကြောင့် သဘောထားကွဲလွဲမှုတွေ ဖြစ်နေပြီး ပဋိပက္ခဖြစ်မှုတွေဖြစ်တာဖြစ်ပါတယ်။ ခြုံပြီးပြောရရင် ဒီမိုကရေစီဆိတ်သုန်းခြင်းနှင့် အမျိုးသား တန်းတူရေး ဆိတ်သုန်းခြင်းတို့ကြောင့်ဆိုနိုင်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားတဲ့ ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခတွေဟာ လူမျိုးရေး၊ အမျိုးသားရေးကို အခြေခံတဲ့ နိုင်ငံရေးပဋိပက္ခ အကျိုးဆက်တွေဖြစ်ပါတယ်။ အထူးသဖြင့် ဒီလက်နက်ကိုင် ပဋိပက္ခတွေဟာ တိုင်းရင်းသားနယ်မြေအတွင်းမှာ ရှိနေပါသေးတယ်။ ဒီပဋိပက္ခတွေအားလုံး ချုပ်ငြိမ်းသွားဖို့ ကျွန်တော်တို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလက်နက်ကိုင် ပဋိပက္ခတွေကို ဖြစ်ပွားစေတဲ့ အခြေခံအမျိုးသားနိုင်ငံရေးပြသနာတွေကို ဖြေရှင်းသွားရမှာ ဖြစ်ပါတယ်။ ပင်လုံစိတ်ဓာတ်ဖြင့် အမျိုးသားတန်းတူရေးကို ဖော်ဆောင်ပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမယ်လို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ဟာ မိမိတို့ သက်ဆိုင်ရာလူမျိုး၊ သက်ဆိုင်ရာ အဖွဲ့အစည်း၊ သက်ဆိုင်ရာ အစုအဖွဲ့များကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များအနေနဲ့ ဒီညီလာခံကို တက်ရောက်ခြင်း ဖြစ်ပါတယ်။ ကိုယ်စားပြုမှုဆိုတာ မိမိကိုယ်ကို သတ်မှတ်ခြင်းထက် သက်ဆိုင်ရာလူမျိုး၊ အစုအဖွဲ့များ ပြည်သူများရဲ့ အသိအမှတ်ပြုမှု၊ သတ်မှတ်မှုအပေါ် မူတည်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုအတွင်းရှိ မတူကွဲပြားတဲ့ လူမျိုး၊ အစုအဖွဲ့အသီးသီးများကို ကိုယ်စားပြုတဲ့အတွက် ဘုံလုပ်ငန်းစဉ်အနေနဲ့ကြည့်ရင် ပြည်ထောင်စုတဝှမ်းလုံးကို ကိုယ်စားပြုတာ ဖြစ်ပါတယ်။ ပြည်ထောင်စုတစ်ဝှမ်းလုံးကို ကိုယ်စားပြုတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ ပြည်ထောင်စုရဲ့ အရေး၊ တစ်နိုင်ငံလုံးရဲ့အကျိုးကို တွေးခေါ်မျှော်မြင်ပြီး လုပ်ဆောင်ရမှာဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။